၁၉၉၂ မှာ ကိုလံဘတ် အမေရိကတိုက်ကို မရောက်ခင်က ယနေ့ အမေရိက ဖြစ်လာမယ့် နိုင်ငံမှာ Native American (ဌာနေ အမေရိကန်လူမျိုး)တွေပဲ ရှိတယ်။ ဌာနေတို့ကို ဥရောပတိုက်သားတွေက Red Indian (ရက်အင်ဒီယန်း)လို့ နှိမ်ပြီး ခေါ်တယ်။ အဲဒီလို ခေါ်တာကို ဌာနေတို့က မကြိုက်ဘူး။ အမေရိကမှာ Native American လူမျိုးပေါင်း ၀၀းရာကျော် ရှိသတဲ့။ သူတို့ အသီးသီးမှာ ကိုယ်ပိုင်ယဥ်ကျေးမှု၊ ကိုယ်ပိုင် ယုံကြည်ကိုးကွယ်မှုနဲ့ ကိုယ်ပိုင် ပန်းချီပန်းပုစတဲ့ အနုပညာတွေ ရှိတယ်။ အဲဒီအထဲ နာဗာဟို လူမျိုးစုရဲ့ ယဉ်ကျေးမှုက ကမ္ဘာကျော်တယ်။ လူမျိုးအားလုံးနီးပါးရဲ့ အခြေခံ ယုံကြည်မှုကတော့ နောက်ဘ၀နဲ့ ပရလောကကို လက်ခံခြင်းနဲ့ မြန်မာ ဗုဒ္ဓဝါဒီတို့နဲ့ အနီးစပ်ဆုံးကတော့ ထာဝရ ဖန်ဆင်းရှင်ကို ငြင်းပယ်ခြင်းပါပဲ။ သူတို့ရဲ့ နောက်ဆုံးပန်တိုင်က Mystery (မရှင်းပြနိုင်တဲ့အရာ) ဖြစ်သတဲ့။

ဘုန်းကြီးဆီ လာပြီး ဗုဒ္ဓဘာသာ အကြောင်းကို ဆွေးနွေးရင်း တရားထိုင်ဖြစ်သွားတဲ့ ဒကာလေး တစ်ယောက်က အိုင်းရစ် အဖေနဲ့ Comanche Indian (ကန်မင်ချီ ဌာနေ) အမေက မွေးတာ။ သူ့နာမည် Dustyn McLynstar တဲ့။ ချစ်နိုးနဲ့ Dusty လို့ ခေါ်တယ်။ ဟိုက်စကူးပြီးတယ်။ ကောလိပ် ဆက်မတက်ဖြစ်ဘူး။ စာသိပ်ဖတ်တယ်။ အင်မတန် စိတ်ထား ရိုးသားတယ်။ အရက်မသောက်၊ မိန်းမ မရှုပ်ဘူး။ အလွန် စိတ်ဝင်စားစရာ ကောင်းတဲ့ လူချော လူလှလေး။ ပန်းချီးကျောင်းမတက်ဘဲ ပန်းချီ ဆွဲတတ်တယ်။ ကွန်မင်ချီ ဌာနေတို့ရဲ့ လက်မှု အနုပညာကို တတ်တယ်။ တတ်မြောက်ရပုံက ညညကျရင် အပြာရောင်မျက်လုံး နှစ်လုံးက သူ့ကို လာသင်ပေးသတဲ့။ အဲဒီ မျက်လုံးနှစ်လုံးဟာ ယခင်ဘဝက သူ့ကိုချစ်တဲ့ ကန်မင်ချီ ဌာနေလူမျိုး ဆရာ ဖြစ်ဖူးသတဲ့။ အစမှာတော့ သူ ညမအိပ်ဘဲ နေတာကို သူ့အမေက စိုးရိမ်ခဲ့တာပေါ့။

Dusty ကို အကြောင်းပြုလို့ပဲ သူ့အစ်မ ဗာဗရာ (Babara)လည်း ဘုန်းကြီးဆီမှာ တရား ထိုင်ဖြစ်သွားတယ်။ မောင်နှမ နှစ်ယောက်လုံး မင်္ဂလသုတ်နဲ့ မေတ္တာသုတ်တွေကို အလွတ် ရကြတယ်။ ဗုဒ္ဓ၊ ဓမ္မနဲ့ သံဃ အကြောင်းကိုလည်း အတော်ကလေး နားလည်ကြတယ်။ ဗာဗရာက State Farm (အာမခံကုမ္ပဏီ)မှာ အလုပ်လုပ်ရင်း Disa (ဒီဆာ)လို့ခေါ်တဲ့ အမျိုးသမီးနဲ့ ရင်းနှီးတယ်။ ဒီဆာက ဂျာမန် အနွယ်၊ ဖန်ဆင်းရှင်ကို မယုံဘူး။ စိတ်ညစ်စရာ အကြောင်းနဲ့ သူ့ဖခင် ကိုယ့်ကိုယ်ကို အဆုံးစီရင် သွားတဲ့အခါ ဘုရားသခင်က ဘာလို့ အဲဒီလို မကောင်းတာကို လုပ်ဖို့ လူတွေကို လမ်းညွှန်ရသလဲလို့ နောင်အခါ ဘုန်းကြီးကို မေးပါတယ်။ ဖခင်ရဲ့ သေတမ်းစာအရ ဒီဆာဟာ ကွန်ဒို(တွဲအိမ်)လေး တစ်လုံး အမွေရလိုက်တယ်။ မိမိဌားနေတဲ့ တိုက်ခန်းကနေ အမွေရတဲ့ အိမ်ကို ပြောင်းခါစ ညတွေမှာ ဒီဆာ ကြုံရပုံက ဆန်းတယ်။

ဗာဗရာက ဘုန်းကြီးဆီကို အီးမေးလ် ပို့လာတယ် .. သူ့ အဖေရဲ့ အခန်းကို ဒီဆာ ပြောင်းတော့ (ဒီဆာ ငယ်ငယ်ကပင် သူ့ အမေနဲ့ အဖေ အိမ်ထောင် ကွဲခဲ့တာ) Nani (မွေးထားတဲ့ ကြောင်မ)လေးကို အခန်းထဲကို ခေါ်လို့မရဘူး။ အခန်းထဲကို ချီပြီး ယူလာရင် ခဏပဲ ငြိမ်နေပြီး အတင်း ရုန်းကန် ထွက်ပြေးတယ်။ အခန်းပြင်မှာ ခေါက်တုံ့ခေါက်ပြန် လျှောက်ပြီး ထူးခြားတဲ့ အသံကို ပြုတယ်။ ထမင်းစားခန်းထဲက စားပွဲပေါ်မှာ တင်ထားတဲ့ ပန်းအိုးလည်း မနက်ကျရင် နေရာ ရွှေ့နေတယ်။ ကိုယ့် ကိုယ်ကို အမှတ်မှားတယ် ထင်လို့ ပန်းအိုးကို စားပွဲအလယ်မှာ

ချပြီး အောက်ခြေကို မာကာ (ဖျက်လို့ရတဲ့ ခဲတံ)နဲ့ ဝိုင်းထားခဲ့တယ်။ မနက်ကျတော့ ပန်းအိုးက မာကာမှတ်ရဲ့ အပြင်ကို ရောက်နေတယ်။ အဲဒီ အိမ်ထဲမှာ Spirit (မမြင်နိုင်တဲ့ သက်ရှိ) ရှိလို့ ဖြစ်နိုင်တယ်။ ဘုန်းဘုန်း ပျောက်အောင် လုပ်ပေးနိုင်ပါသလားတဲ့။

အတော် ဆန်းတာပဲလို့ တွေးရင်း .. ဗာဗရာရေ၊ ပျောက်ရမယ်လို့တော့ ငါ ကတိမပေးနိုင်ဘူး၊ ဒါပေမယ့် ငါ တတ်သိတာလေးနဲ့ ကြိုးစားကြည့်ပါ့မယ်လို့ အကြောင်း ပြန်လိုက်တယ်။ ဒါနဲ့ ညနေရောက်တော့ တပည့်ကျော် ခရစ်စ်နဲ့ Dusty လာခေါ်လို့ လိုက်သွားတယ်။ ဒီဆာရဲ့ အိမ်ကို ရောက်တော့ နေလုံး ပျောက်ပြီ။ ကြိုရောက်နှင့်နေတဲ့ ဗာဗရာက ဖျော်ရည် ကပ်ရင်း ဒတ်စတီးလည်း ဒီကိစ္စကို လုပ်ပေးမယ် ဆိုလာလို့ ဒတ်စတီးကို အရင် လုပ်ခိုင်းလိုက်တယ်။ လုပ်ပုံက သူ့ရဲ့ ဆေးဦးထုပ်ကို ဆောင်း၊ အသင့်ယူလာတဲ့ ဆေးရွက်ကြီးလို အရွက်ခြောက်ကို လက်ကိုင် ကိုင်းပါတဲ့ မြေခွက်ငယ်မှာ ထည့်ပြီး အိမ်တံခါးဝမှာ မီးရှို့တော့ အခိုးတွေ ထွက်လာတယ်။ ဘုန်းကြီးရဲ့ (ဒတ်စတီးက တန်ခိုးရှိတယ်လို့ ယူဆနေတဲ့) ထန်းရွက် ယပ်နဲ့ အဲဒီ အခိုးကို အိမ်အနှံ့ ခတ်ထုတ်ရင်း ကန်မင်ချီ ဘာသာနဲ့ ရွတ်ဖတ်တယ်။

အဲဒီနောက် ဘုန်းကြီးရဲ့ အလှည့်ကို ရောက်တော့ အိမ်အပေါ်ထပ်မှာ စာပွဲလေးတစ်ခု ချခိုင်းတယ်။ စာပွဲပေါ်မှာ ပရိတ်ရေ၊ ပရိတ်ဆန်၊ ပရိတ်ချည်၊ ပရိတ်ပန်းတွေကို ပြင်စေတယ်။ ခိုင်းတဲ့အတိုင်း ဒီဆာက စိတ်ပါလက်ပါ လုပ်တယ်။ ဗာဗရာလည်း လိုတာကို ကူညီပေးတယ်။ ဒီဆာက လွဲပြီး ကျန်သူတွေက လုပ်နေကျဖြစ်လို့ နမော တဿ သုံးခေါက်၊ သရဏဂုံ သုံးခေါက်နဲ့၊ ငါးပါးသီလနဲ့ စနိုင်တယ်။ အဲဒီနောက် ဘုန်းကြီး မေတ္တာသုတ်ကို ရွတ်ပြီးတဲ့အခါ ပွဲထုတ်တဲ့ အနေနဲ့ တပည့်သုံးယောက် (ခရစ်စ်၊ ဗာဗရာနဲ့ ဒတ်စတီး)ကို မေတ္တာသုတ်ကို ထပ်ပြီး သံပြိုင်ညီညာ ရွတ်ခိုင်းတယ်။ ပြီးမှ ကြိုတင် စီစဉ်လာတဲ့ အင်္ဂလိပ် ဘာသာနဲ့ အမိန့်ပြန်တမ်းကို ဖတ်ပြီး အနန္တရာယိက ကမ္မဝါစာကို ခပ်ပြင်းပြင်း ဖတ်ပစ်လိုက်တယ်။ အပြီးမှာ ဒီဆာကို ပရိတ်ရေ၊ ပရိတ်ဆန်နဲ့ အိမ်ခန်းတွေကို ပက်ဖျန်းခိုင်းတယ်။

နောက်နေ့ နေ့လယ်ချိန်မှာ ဗာဗရာဆီက အီးမေးလ် ရောက်လာတယ်။ ခေါင်းစဉ်က Thank you so very much တဲ့ .. အံ့သြစရာပဲ ဘုန်းဘုန်းရေ၊ မနေ့ညက ဒီဆာ အိပ်ယာဝင်တော့ ကြောင်မလေးက မခေါ်ပဲနဲ့ အိပ်ခန်းထဲကို ဝင်လာပြီး ကိုယ့်အိပ်ယာမှာ အိပ်တယ်။ ပန်းအိုးလည်း ဘုန်းဘုန်း ထားခဲ့တဲ့ နေရာမှာပဲ။ တစ်စက်မှ မရွေ့တော့ဘူး။ ဒီဆာလေ ဘုန်းဘုန်းကို သိပ်ကျေးဇူးတင်နေတယ်။ သိပ်လည်း ဘုန်းဘုန်းဆီကို လာချင်နေတယ်။ ဗုဒ္ဓဘာသာ အကြောင်းကို မေးချင်လို့တဲ့။ ဗာဗရာဖြင့်လေ ဘုန်းဘုန်းနဲ့ တွေ့ရတာကို သိပ်ဂုဏ်ယူတာပဲ .. စသည်ဖြင့် ပေါ့လေ။ အင်း .. ဒတ်စတီးရဲ့ အခိုးကြောင့်ပဲလား၊ ဘုန်းကြီးရဲ့ ပရိတ် တန်ခိုးပဲလားလို့ သိနိုင်တော့ဘူး။ ဘာပဲဖြစ်ဖြစ် လူတစ်ယောက်ရဲ့ ကူညီမှုအပေါ် အဲဒီလို လှိုက်လှိုက်လှဲလှဲ အသိအမှတ်ပြု ကျေးဇူးတင်တာလေးတွေကတော့ ချစ်စရာပါပဲ။

တစ်လလောက် အကြာမှာ Dusty နဲ့ Disa ဘုန်းကြီးဆီကို ရောက်လာတယ်။ အဲဒီလို ရောက်တာကို သူ့အစ်မ ဗာဗရာကို ပြောပြတဲ့အခါ ပြုံးဖြီးဖြီးနဲ့ ပခုံးကိုတွန့်ပြီး ဘယ်လက်ညှိုးနဲ့ ညာလက်ညှိုးကို ခတ်ပြတယ်။ ပြီးမှ .. ဘုန်းဘုန်းရေ၊ ဒီဆာက တပည့်တော်ရဲ့ ယောက်မလောင်း ဖြစ်တော့မယ်တဲ့။ ဘယ်တုန်းက တွေ့သွားကြတာလဲ မေးတော့ ဘုန်းဘုန်း ဒီဆာအိမ်မှာ chanting လုပ်(ပရိတ်ရွတ်)တဲ့ နေ့က ပေါ့တဲ့။ ဘုရားရေ .. ဆိုတတ်ပလေ၊ ရွှေဖူးစာရယ်လို့ တွေးပြီး လက်ထပ်ဖြစ်မှာလားလို့ မေးတော့ dating (ခဏခဏ တွေ့ဆုံပြီး အချင်းချင်း

လေ့လာဆဲ)ပဲ ရှိသေးတယ်။ ဒိဆာက my brother ကို စပြီး ကြိုက်တာ။ သူက ဒတ်စတီးထက် လေးနှစ်ကြီးလို့ မာမိက ဘဝင်မကျဘူးဆိုတော့ ကြီးရင်မို ငယ်ရင်ချိကို အင်္ဂလိပ်လို မပြောတတ်တာနဲ့ ဒါလောက်ကွာတာတော့ မဆိုသာပါဘူးလို့ပဲ ပြန်ပြောဖြစ်တယ်။

တစ်နှစ်နီးပါး အကြာမှာ နေ့လယ်ခင်း တစ်ချိန် ဒတ်စတီးဆီက ဖုန်းလာတယ် .. ဒီတနင်္ဂနွေညကို ဘုန်းဘုန်းဆီ လာပြီး ဗုဒ္ဓဘာသာနည်းနဲ့ ဒိဆာနဲ့ လက်ထပ်ချင်လို့။ သူချိန်းတဲ့ နေ့က ၂၀၀၈၊ မေ ၄ ရက်။ စကားမစပ် ဘုန်းကြီး ၄၉ နှစ်ပြည့်တဲ့ နေ့။ သူတို့က ရင်းနှီးသူရဲ့ မွေးနေ့ကို မှတ်ထားလေ့ ရှိတယ်။ အဲဒီနေ့ ညနေမှာ ဒတ်စတီးရဲ့ မိခင် လင်ဒါ (ဖခင် မရှိတော့ဘူး)၊ ဗာဗရာ၊ ခရစ်စ်နဲ့ သတို့သား သတို့သမီးတို့ ရောက်လာတယ်။ ချောကလက် တစ်ထုပ်၊ ဘာဆမာတီ ဆန်တစ်အိတ်၊ ဆီတစ်ပုံး ပါလာတယ်။ ဘုန်းကြီးက မေတ္တာသုတ်ကို ရွတ်၊ ဝတ္တရားတွေကို တတ်သမျှ အကျဉ်းချုပ် ပြောပြပြီး လင်ဒါကို ဒတ်စတီး လက်ပေါ် ဒိဆာလက်ကို ထပ်ပေးခိုင်းပြီး (Lady First) နှစ်ယောက်လုံးကို ပရိတ်ရေနဲ့ ဖျန်းပေးလိုက်တယ်။ လူပျိုကြီး ခရစ်စ်က ကျုပ်လည်း မိန်းမရရင် ဒီလိုပဲလုပ်မှာ ဆိုလို့ အားလုံး ရယ်ရသေးတယ်။

မပြီးသေးဘူး။ ပြောစရာ နည်းနည်း ကျန်သေးတယ်။ ၂၀၀၉၊ မေ ၂၁ မှာပဲ သားဦး ရတနာလေးကို မွေးတယ်။ နာမည်က Daylyn K. McLynstar တဲ့။ မွေးလို့ တစ်ပတ် အကြာမှာ အဲဒီ နီတာရဲလေးကို ဘုန်းကြီးဆီ ယူလာတယ်။ မျက်လုံးပြာလေး မပွင့်တပွင့်နဲ့။ ကျိုးတိုးကျဲတဲ ဆံပင်တွေက ရွှေရောင်။ ဒိဆာက နာမည်ရဲ့ အလယ်က K. ရဲ့ အဓိပ္ပာယ်ကို ဘုန်းဘုန်း သိလားတဲ့။ သိဘူးလေ ဆိုတော့ အဲဒါ ဘုန်းဘုန်း နာမည် Kelasa ပဲပေါ့ တဲ့။ ဘုန်းကြီးရဲ့ ဘွဲ့အမည်ကို သူ အသံထွက်ပုံ နားထောင်ပြီး တစ်ခါက အတ္တလန္တာလေဆိပ်မှာ ဘုန်းကြီး ဦးဓမ္မပိယနဲ့ အတူ နယူးယောက်ဖက်ကို သွားကြတုန်း ကြုံရပုံလေးတောင် အမှတ်ရလိုက်သေး။ အဲဒီတုန်းက လေဆိပ် လုံခြုံရေးမှာ ဘုန်းကြီးရဲ့ မှတ်ပုံတင် ကတ်ကလေး ကျကျန်နေခဲ့လို့ လုံခြုံရေး အမျိုးသမီးတစ်ယောက် ဘုန်းကြီးရဲ့ နောက်က ပြေးလိုက်လာပြီး ‘ဆာ .. ဆာ .. ကီးလဆ .. ကီးလဆ’ ဆိုတော့ ဘုန်းကြီးက ကိုယ့်ကို ခေါ်နေတယ်လို့ မထင်ဘူး။ တူရူလာနေတဲ့ တစ်ယောက်က ဘုန်းကြီးကို မျက်စပစ်ပြီး နောက်ကို လက်ညှိုး ထိုးပြတော့မှ ‘ဩ .. ငါ့ကို ခေါ်နေတာပဲ’လို့ သိလိုက်ရတယ်။ ကြုံတတ်ပလေ။ အင်း .. ခုလည်း ဒိဆာက ကီးလဆတဲ့။ ရပါတယ်၊ နာမည်ဆိုတာ သတ်မှတ်ချက်ပဲ။ အလယ်နာမည်မှာ သူတို့ ကြည်ညို လေးစားသူရဲ့ နာမည် .. ဥပမာ ရုပ်ရှင်သရုပ်ဆောင်၊ စာရေးဆရာ၊ သိပ္ပံပညာရှင်၊ အာကာသသူရဲကောင်း စတဲ့ လောလော ဆယ် ထင်ပေါ်သူတွေရဲ့ နမည်ကို ထည့်လိုက ထည့်လေ့ ရှိပါသတဲ့။ ငါ မြန်မာ နာမည် ပေးအုံးမယ်၊ ယူမလားဆိုတော့ ဒိဆာက Yes, Please. တဲ့။ ဒါဖြင့် ခေါ်ကြည့်စမ်း .. ဖူးစာရွှေအေး။ ဒတ်စတီး ဒိဆာ အသံထွက်လိုက်ပုံက ‘ဖူ .. ဆာ .. ရှေ့ .. ယေး’တဲ့။ ❒